HUMAN RIGHTS WATCH

# ၁။ အကျဉ်းချုပ်

မော်ဇော်ဦး ၁၆ နှစ်အရွယ်မှာပင် မြန်မာစစ်တပ်ထဲသို့ နှစ်ကြိမ်တိုင်တိုင် အတင်း အဓမ္မ သွတ်သွင်းခြင်းကိုခံခဲ့ရပြီ။ ၂၀၀၄ ၌ အသက် ၁၄ နှစ်တွင် ပထမအကြိမ် စစ်သားစုဆောင်းခြင်းကို ခံခဲ့ရပြီးနောက်၊ စစ်တပ်မှ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ နောက်တစ်နှစ်ထဲတွင်ပင် စစ်တပ်ထဲသို့ပြန်လည်သွတ်သွင်းခံခဲ့ရပြန် သည်။ သူ့ကို အတင်းခေါ်ယူသွတ်သွင်းခဲ့သည့် တပ်ကြပ်က ငွေ ၂၀၊၀၀၀ ကျပ်၊ ဆန်တစ်အိတ်နှင့် စားဆီတစ်ပုလင်းကို ရရှိလိုက်ကြောင်း မော်ဇော်ဦး သိရှိလိုက်ရသည်။ “တပ်ကြပ်က ငါ့ကို ရောင်းစားလိုက်တာ” ဟုပြောသည်။ သူ့ကိုဝယ်ယူလိုက်သည့်စစ်တပ်ကလည်း ငွေ ၅၀၊၀၀၀ ကျပ်ဖြင့် စစ်သားစုဆောင်းရေးတပ်သို့ တဆင့်ပြန်လည်ရောင်းချခဲ့ ပြန်သည်။

မောင်ဇော်ဦး ဒုတိယအကြိမ်ပြန်လည်စုဆောင်းခံလိုက်ရသည့်သတင်းကို အဒေါ်ရရှိလိုက်သည်နှင့်၊ အဖွားနှင့်အတူ မောင်ဇော်ဦးအား ပြန်လွတ်ပေးဖို့တောင်းဆိုရန် စစ်တပ်သို့သွားခဲ့သည်။ ထိုစစ်တပ်၏ ခေါင်းဆောင်က နောက်ထပ်စစ်သားသစ် ၅ ယောက်ကိုရှာပေးနိုင်မှသာလျှင် မောင်ဇော်ဦးကို လွတ်ပေးမည်ဟုဆိုသည်။ “မလုပ်ပါ နဲ့။ နောက်ထပ်လူ ၅ ယောက် ဒီလိုဖြစ်မှာကို ကျွန်တော် မလိုချင်ဘူး။ ဒီမှာက အရမ်းကိုဆိုးတာ။ ကျွန်တော်ဒီမှာပဲနေပြီး ရင်ဆိုင်လိုက်တော့မယ်” ဟု မောင်ဇော်ဦးက သူ့အဒေါ်ကိုပြောခဲ့သည်။

မောင်ဇော်ဦး အသက် ၁၆ နှစ်အရွယ်မှာပင် ကံကြမ္မာကိုလည်စင်းခံဖို့ အသင့် ဖြစ်နေပြီ။ သူပါဝင်သည့်တပ်ဖွဲ့ ကင်းလှည့်သည့်အခါတွင်၊ မောင်ဇော်ဦးက အလွန် အန္တရာယ်များသည့် အရှေ့တန်း နှင့် အနောက်တန်းတွင် နေရာယူသည်။ “ကျွန် တော့်ဘဝဟာ ဒီစစ်တပ်ထဲမှာ ဘာတန်ဖိုးမှ မရှိတော့လို့ ကျွန်တော် ဒီလမ်းကိုပဲ ရွေးတာ” ဟုပြောသည်။

မြန်မာပြည်တွင် အထက်အရာရှိများ၏ သတ်မှတ်ပေးထားသည့် စစ်သားသစ်စုဆောင်းရေးခွဲတမ်းပြည့်မီအောင် ကြိုးစားနေသည့် စစ်သားစုဆောင်းရေးသမားများက မောင်ဇော်ဦးကဲ့သို့ အသက်မပြည့်သည့် ယောကျာ်းလေးများကို ကုန်ပစ္စည်းများ

သဖွယ် ဝယ်ယူရောင်းချနေကြသည်။ စစ်တပ်ထဲတွင် စိတ်ဓာတ်အင်အားကျဆင်းမှု၊ တပ်ပြေးများလာမှုနှင့် မိမိဆန္ဒအလျောက် ဝင်ရောက်အမှုထမ်းလိုသူ မရှိခြင်းတို့ ကြောင့် အသက်မပြည့်သေးသော ကလေးသူငယ်များကိုပင် စစ်သားလုပ်ရန် အတင်း အဓမ္မစုဆောင်းပြီး မြန်မာ့အမျိုးသားတပ်မတော်ကြည်းတွင် တာဝန်ထမ်းဆောင် စေသည်။

ဆယ်စုနှစ်အတွင်းတွင် ကမ္ဘာ့ကုလသမဂ္ဂနှင့် လွတ်လပ်သောသတင်းဌာနများက မြန်မာ ပြည်တွင် ကလေးစစ်သားစုဆောင်းခြင်းနှင့်အသုံးပြုမှုများသည် နေရာအနှံ့တွင် ဖြစ်ပွားနေကြောင်းကို အစီရင်ခံစာများတွင် ပုံမှန်တင်ပြခဲ့ကြသည်။ ၂၀၀၄ နှစ်ဦးပိုင်း တွင်၊ မြန်မာနိုင်ငံစစ်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အဖွဲ့မှ နိုင်ငံတကာ၏ ဝေဖန်ပြောဆိုနေမှုများကို တုံ့ပြန်သည့်အနေဖြင့် "အသက်မပြည့်သည့် ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းမှ ကာကွယ် သည့်ကော်မတီ" တစ်ရပ်ကိုဖွဲ့စည်းခဲ့သည်။ သို့သော်၊ ယင်းကော်မတီက မြန်မာနိုင် ငံတွင် ကလေးစစ်သားအသုံးပြုနေသည်ဆိုသည့်အချက်မှာ မမှန်ကန်ကြောင်း ကဲ့ရဲ့ ပြောဆို နေခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃၀ ထဲတွင် အများစုမှာ ကလေးစစ်သားအနည်းငယ် ကို အသုံးပြုနေကြကြောင်း တွေ့ရသည်။ အချို့အဖွဲ့များမှာ ကလေးစစ်သားအသုံးပြုမှု များကို ရပ်နားအောင် ကြိုးစားနေသော်လည်း၊ အချို့မှာမူ ကလေးစစ်သားများကို သုံးနေဆဲဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက မြန်မာပြည်ဟာ ကလေးစစ်သား စုဆောင်းမှုနှင့်အသုံးပြုမှုတို့ကို တားမြစ်ပိတ်ပင်ထားသည့် နိုင်ငံတကာစံအလေးချိန် အတိုင်းအတာများကို ချိုးဖောက်နေသည်ဟု ၂၀၀၃ မှစ၍ အစီရင်ခံစာ ၄ ခုတွင် ဆက် တိုက်တင်ပြခဲ့သည်။ လက်နက်ကိုင်အဖွဲ့အမြောက်အများလည်း ကလေးစစ်သား စုဆောင်းမှုနှင့် အသုံးပြုမှုတို့ကိုပြုလုပ်နေကြောင်း ထိုအစီရင်ခံစာများတွင် ဖော်ပြ ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့က ၎င်းအထွေထွေအတွင်းရေးမှူး၏ စာရင်းတွင်ပါသော မည်သည့်အဖွဲ့ကိုမဆို လက်နက်ပိတ်ဆို့ခြင်းနှင့်အခြားစစ်ရေး အကူအညီများပေးခြင်းကို ပိတ်ပင်တားဆီးခြင်းများ ပြုလုပ်မည်ဟု ပြောကြားခဲ့သော် လည်း၊ ယခုအချိန်ထိ မြန်မာနိုင်ငံအား မည်သည့်အရေးယူခြင်းမျှ မပြုလုပ်ချေ။ ဤကဲ့သို့ အလွန်းအမင်းဆိုးရွားသည့် မှတ်တမ်းများကိုကြည့်ခြင်းဖြင့် မြန်မာပြည် အား အရေးယူအပြစ်ပေးခြင်းများ ပြုလုပ်သွားရန်မှာ အလွန်လိုအပ်လျက်ရှိကြောင်း သိသာသည်။

## မြန်မာပြည်စစ်တပ်များ၏ အစိုးရ၊ တပ်မတော်

မြန်မာပြည်အစိုးရက ၎င်း၏ စစ်တပ်မတော်သည် စေတနာ့ဝန်ထမ်းတပ်ဖွဲ့ဖြစ်ပြီး၊ စစ်သားစုဆောင်းရာတွင် သတ်မှတ်ထားသည့်အနည်းဆုံးအသက်မှာ ၁၈ နှစ် ဖြစ်ကြောင်း ပြောဆိုသည်။ သို့သော်လည်း၊ လူ့အခွင့်အရေးလှုပ်ရှားအဖွဲ့ကြီးက တွေ့ဆုံမေးမြန်းခဲ့သည့်တပ်မတော်စစ်သားများ၊ အရာရှိများနှင့် အခြားမျက်မြင်သက်သေများက စစ်သားစုဆောင်းရာတွင် အများစုမှာ မဝင်မနေရဖြစ်၍ စစ်မှုထမ်းရသူများဖြစ်ပြီး ၎င်းတို့ထဲတွင် အများစုမှာ ကလေးသူငယ်များ ဖြစ်ကြောင်းပြောပြခဲ့သည်။ ၁၉၉၀ နှစ်ပိုင်းများကတည်းက အင်အားကြီးမား ကျယ်ပြန့်လာနေသည့် စစ်တပ်မတော်ကို ဖြည့်ဆည်းရာတွင် မိမိအလိုဆန္ဒအလျောက် ဝင်ရောက်သူများမှာ မလုံလောက်ပဲရှိနေခဲ့သည်။ တချိန်တည်းမှာပင်၊ တပ်မတော်ထဲတွင် တပ်ပြေးများလာခဲ့သည်။ တပ်သားလျော့နည်းလာမှုကို ကာကွယ်ရန်နှင့် စစ်တပ်သစ်များတွင် စစ်သားအင်အားဖြည့်ဆည်းနိုင်ရန် အထူးစစ်သားစုဆောင်းရေးတပ်များကို နိုင်ငံအနှံ့တွင် ဖွဲ့စည်းခဲ့သည်။ ပုံမှန်စစ်တပ်များကလည်း စစ်သားစုဆောင်းရေးခွဲတမ်းကို ဖြည့်ရ သည်။ ၂၀၀၆ နှစ်လည်ပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးမှ တစ်လတွင် စစ်သားသစ် ၇၊၀၀၀ ကိုရအောင်စုဆောင်းရန် အမိန့်ထုတ်ခဲ့သည်။ ယင်းစစ်သားစုဆောင်းမှုအရေအတွက်မှာ ယခင်ကထက် လေးဆပိုများသွားခြင်းဖြစ်သည်။ အကယ်၍ စစ်သားသစ်စုဆောင်း ရာတွင် ခွဲတမ်းပြည့်အောင်မလုပ်နိုင်ပါက တပ်ရင်းတပ်မှူးက ရာထူးမှလျှော့ချ ခံရခြင်း အပါအဝင် အပြစ်ပေးခြင်းများကိုခံရသည်။

ထိုကဲ့သို့စစ်သားစုဆောင်းမှုခွဲတမ်းပြည့်စေရန် ပြင်းထန်သည့်ဖိအားပေးမှုများက ကလေးငယ်များအား စစ်တပ်ထဲသို့အတင်းအဓမ္မသွတ်သွင်းဖို့ရန် စိုးရိမ်စရာအခြေအနေများကို ဖန်တီးပေးခဲ့သည်။ စစ်တပ်များနှင့် စစ်သားစုဆောင်းရေးဌာနများက မိမိတို့၏ လက်ရှိစစ်သားများကို စစ်သားသစ်စုဆောင်းရန် ငွေကြေးပေးကမ်းခြင်းနှင့် အခြားမက်လုံးများပေး၍သော်လည်းကောင်း၊ အရပ်သားပွဲစားများနှင့်ရဲများထံမှ စစ်သားသစ်များကို ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း လုပ်ဆောင်နေသည်။ ၂၀၀၅ တွင် စစ်သားသစ်အတွက်ပေးသည့်ဈေးနှုန်းမှာ ၂၅၊၀၀၀ ကျပ် မှ ၅၀၊၀၀၀ ကျပ်အထိဖြစ်ပြီး၊ ၎င်းငွေတန်ဖိုးမှာ စစ်သားတစ်ယောက်၏ ပုံမှန်လစာနှုန်းရဲ့ တစ်ဆ ခွဲမှသုံးဆစာအထက် အတွင်းတွင်ရှိသည်။ စစ်သားစုဆောင်းသူများက ရထားဘူတာ များ၊ ကားကြီးဝင်းများ၊ ဈေးများနှင့် အခြားပြည်သူများသည့်နေရာများကို အဓိက ထား၍ စစ်သားသစ်များကို စုဆောင်းသည်။ အလွယ်ဆုံးပစ်မှတ်များမှာ အရွယ် ရောက်စ လူပျိုပေါက်များပင် ဖြစ်တော့သည်။ ယောကျ်ားငယ်လေးများကို ငွေကြေး၊ အဝတ်အစား၊ ရာထူး၊ အလုပ်အကိုင်၊ အခမဲ့ပညာရေးစသည့်မက်လုံးများဖြင့် ဖျားယောင်းသွေးဆောင်၍

စုဆောင်းသည်။ ယောင်ပေပေလုပ်နေသည်ဟု ပြစ်တင် ပြောဆို၍သော် လည်းကောင်း၊ မှတ်ပုံတင်မကိုင်ဆောင်ထားခြင်းအတွက် စစ်တပ်သို့ ပို့မည်ဟု ခြိမ်း ခြောက်၍သော်လည်းကောင်း စုဆောင်းသည်။ အခြားနည်းလမ်းများမှာ ကလေးသူငယ် များကို ရိုက်နက်၍ အတင်းအဓမ္မစုဆောင်းကာ "စေတနာ့ဝန်ထမ်းများ" ဟု စစ်တပ် သို့ထည့်သွင်းသည်။ လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ကြီးက မေးမြန်း ခဲ့သည့် ကလေး စစ်သားများက ပြောပြခဲ့သည်မှာ ၄င်းတို့အား အချုပ်ခန်းထဲတွင် လက်ထိပ်ခတ်၊ ရိုက်နက်ပြီး၊ စုဆောင်းသူ တစ်ယောက်မှတစ်ယောက် သို့မဟုတ်၊ စစ်တပ်တစ်တပ်မှ တစ်တပ် ကူးပြောင်းဝယ်ယူရောင်းချခြင်းနှင့် နောက်ဆုံးတွင် စစ်သားစုဆောင်းရေး တပ်သို့ပို့ကြကြောင်း ပြောပြခဲ့သည်။ ဤအစီရင်ခံစာကို ၂၀၀၇ အောက်တိုဘာလ တွင် ထုတ်ပြန်မည်ဖြစ်သည့်အတွက် လူ့အခွင့်အရေး လှုပ်ရှားမှု အဖွဲ့ကြီးမှ ကလေး များအားစစ်သားစုဆောင်းခြင်းနှင့် လေ့ကျင့်ရေးတပ်များသို့ပို့ ဆောင်သည်ဆိုသည့် မျက်မြင်သက်သေများ၏ ပြောပြချက်များကို ဆက်လက် ရရှိနေခဲ့သည်။

၂၀၀၇ စက်တင်ဘာလတွင် ဘုန်းကြီးများနှင့်အခြားငြိမ်းချမ်းစွာ ဆန္ဒပြသူများကို ချေမှုန်းရန် စစ်တပ်များအား မြို့ပေါ်တွင်အခြေချမှုများက ကလေးစစ်သားစုဆောင်း မှုကို ပိုမိုများပြားလာနိုင်စေသည်။ ဆူပူအုံကြွမှုမတိုင်မီကပင် စစ်တပ်၏လစာနည်းမှု၊ ဆိုးရွားသော အခြေအနေများနှင့် စစ်သားများကိုကောင်းမွန်စွာ ပြုမူဆက်ဆံမှုမရှိခြင်း ခြင်းတို့ကြောင့် ယောကျ်ားလေးများမှာ စစ်တပ်ထဲသို့ မဝင်ချင်ကြပေ။ ဆန္ဒပြသူ များအား တိုက်ခိုက်ရာ၊ သတ်ဖြတ်ရာနှင့် အချုပ်ခန်းထဲသို့ပို့ရာ၌ စစ်တပ်ကိုအသုံး ပြုမှုများဟာ စေတနာအလျောက်စစ်မှုထမ်းလိုသူများကို ပိုမိုလျော့နည်းလာစေမည် ဖြစ်ပြီး၊ စစ်သားစုဆောင်းသူများမှာ ကလေးစစ်သားများကို ပို၍စုဆောင်းလာကြမည် ဖြစ်သည်။

စစ်သားသစ်များအားစာရင်းကောက်ယူရာတွင်၊ စစ်သားသစ်များက အသက် ၁၈ နှစ် အထက်ဖြစ်ကြောင်း သက်သေအထောက်အထားဖြင့်ဖော်ပြရသည်။ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးက တွေ့ရှိသည့်သတင်းအချက်အလက်များအရဆိုလျှင် ၄င်းသက် သေအထောက်အထားဖြင့် အသက်ကိုတင်ပြရခြင်းမှာ စစ်တပ်ထဲတွင်မရှိသလောက် ဖြစ်ပြီး၊ စစ်သားစုဆောင်းသည့်အရာရှိများသည် ကလေးငယ်ကိုယ်တိုင်က မိမိအသက် ကိုဖော်ပြသော်လည်း အသက်ပင်မပြည့်စေကာမူ ၁၈ နှစ်အထက် ဖြစ်သည်ဟုအသက် ကိုလိမ်၍ ပေးသွင်းသည်။ စစ်သားစုဆောင်းသူများက အသက်မပြည့်သေးသည့် ကလေးငယ်များကို စာရင်းမပေးသွင်းရန်ငြင်းဆန်တိုင်း၊ လာဘ်ပေးခြင်းဖြင့် စာရင်း သွင်းစေသည်။ ကလေးငယ်အားရရှိသူကလည်း သူ့အတွက်မက်လုံးများ ရှိနေသည်။ အသက် ၁၁ နှစ်သာရှိသေးသည့် ကလေးငယ်တစ်ယောက်ကို ဆေးစစ်ရာတွင် မအောင်မြင်ခဲ့ချေ။ အကြောင်းမှာ သူ့အရပ်မှာ ၄ ပေ ၃ လက်မ (၁.၃မီတာ) သာရှိပြီး၊

ကိုယ်အလေးချိန်မှာ ပေါင်၇၀ (၃၁ကီလိုဂရမ်) သာရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း၊ သူ့ကို စုဆောင်းခဲ့သူက ဆေးအရာရှိအား လာဘ်ထိုး၍ စစ်တပ်ထဲသို့သွင်းခဲ့ကြောင်း ထိုကလေးက လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးကို ပြောကြားခဲ့သည်။ စစ်သားသစ် စုဆောင်းမှုရရှိရန် တောင်းဆိုမှုများပြားလာသည်နှင့်အမျှ စစ်တပ်အတွင်းတွင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ၊ ကျန်းမာရေး ဆေးစစ်မှုများ၊ ပညာရေးပိုင်းဆိုင်ရာနှင့် အသက်ကန့်သတ်မှုပိုင်းဆိုင်ရာများတွင်ထားရှိသော လမ်းညွှန်ချက်များမှာ အလွန်ပေါ့လျော့သွားခဲ့ရသည်။

ကလေးစစ်သားများမှာ ၁၈ပတ်ကြာ အခြေခံစစ်သင်တန်းမသွားမီတွင် စစ်တပ်ထဲ၌ ထောင်သားများကဲ့သို့နေခဲ့ရပြီး၊ စစ်သင်တန်းယူရာတွင်လည်း ကလေးများအား ခက်ခဲသောကာယလေ့ကျင့်ခန်းများကို အတင်းလုပ်ခိုင်းပြီး၊ ကောင်းကောင်းမလုပ်နိုင်ပါက အပြစ်ပေးခြင်းခံရသည်။ ကလေးစစ်သားအပါအဝင် မည်သည့်စစ်သားမဆို ထွက်ပြေးဖို့ကြိုးစားပါက ပြင်းထန်စွာအပြစ်ပေးခြင်းခံရသည်။ စစ်သင်တန်းမှထွက်ပြေးသော စစ်သားများကို သင်တန်းသား ၂၀၀ ခန့်(သို့) ၂၀၀ပိုများထက်များသော သင်တန်းသားများက တုတ်များဖြင့်ရိုက်နက်သည်ဟု တင်ပြထားသော အစီရင်ခံစာများကို လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးက ရရှိခဲ့သည်။ ထိုရိုက်နက်ခံရခြင်းမှ ရသည့် ဒဏ်ရာများမှာ ရက်ပတ်ပေါင်းများစွာကြာအောင် လမ်းမလျှောက်နိုင်ပဲဖြစ်စေသည်။

သင်တန်းပြီးသည့်နောက်တွင် ကလေးငယ်များကို စစ်တပ်များတွင် နေရာချသည်။ ယင်းစစ်တပ်များတွင် စစ်အရာရှိများက ကလေးများအား ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံသည်။ တခါတရံတွင် လူ့အခွင့်အရေးချိုးဖောက်သောလုပ်ရပ်များဖြစ်သည့် ရွာများကိုမီးရှို့ခြင်းနှင့် အရပ်သားများအား အတင်းအဓမ္မလုပ်အားပေးစေခိုင်းမှုများ တွင် ကလေးစစ်သားများအားအသုံးပြုသည်။ အချို့စစ်တပ်များက ကလေးငယ်များကို စစ်ပွဲများသို့မလွှတ်သော်လည်း၊ အချို့မှာမူ စစ်တပ်သို့ရောက်ပြီး တလအတွင်းမှာပင် ကလေးများကို စစ်ပွဲများသို့စေလွှတ်သည်။ ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သည့် ကလေးစစ်သားအများစုမှာ စစ်ပွဲများနှင့်သေဆုံးမှုများကို တွေ့ကြုံဖူးသူတိုင်းဖြစ်ကြသည်။ 'ခွင့်'ပေးမှုမှာ မရှိသလောက်ဖြစ်ပြီး၊ စစ်တပ်မှ ထွက်ခွာခွင့်မှာမူ စစ်သားသစ်အမြောက်အများကို ခေါ်သွင်းပေးနိုင်သည့်အပေါ်တွင်သာမူတည်သည်။ စစ်တပ်မှ ထွက်ပြေးလာသူများမှာ နေအိမ်ပြန်ရောက်သည်နှင့်ပြန်လည်အဖမ်းခံရပြီး၊ ထောင်ထဲသို့ပို့ခြင်း (သို့) စစ်သားတာဝန်ကို ပြန်လည်ထမ်းဆောင်ရသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ကလေးအတော်များများမှာ ထွက်ပြေးသွားပြီးနောက် အတင်း အဓမ္မစစ်တပ် ထဲသို့ ပြန်လည်သွတ်သွင်းခြင်းကို ကလေးဘဝမှာပင် နှစ်ကြိမ် ခံခဲ့ဖူးသူတိုင်းဖြစ် သည်။ သန်းမြင့်ဦးဆိုလျှင် အသက် ၁၄ တွင်စုဆောင်းခံရပြီး စစ်တပ်မှထွက်ပြေး

လွတ်မြောက်ခဲ့သည်။ သို့သော်၊ အသက် ၁၅ တွင်ပြန်လည်အဖမ်းခံရပြီး၊ တပ်ပြေးမှု အတွက် ထောင်ထဲတွင် ၆ လ အကျဉ်းချခံခဲ့ရ သည်။ ထောင်ထဲမှလည်း ထွက်ပြေး လွတ်မြောက်လာခဲ့ပြန်သည်။ သို့သော်လည်း နောက်ထပ်တခါစစ်တပ်ထဲသို့ ပြန်လည် သွတ်သွင်းခံခဲ့ရပြန်တယ်။ နောက်ဆုံးတော့ စစ်တပ်မှထွက်ပြေးပြီး ထိုင်းနိုင်ငံသို့ ထွက်လာခဲ့သည်။ ယခုမှာ အသက် ၁၉ နှစ်ရောက်ပြီဖြစ်ပြီး မြန်မာပြည်ကို မပြန်ရဲတော့ပါ။

စစ်သားဟောင်းများအားလုံးက စစ်သင်တန်းများတွင် ကလေးစစ်သား အသုံးပြု ခြင်းများကိုတွေ့ခဲ့ရကြောင်း လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးကို ပြောပြခဲ့သည်။ စစ်သားဟောင်း အယောက်၂၀ ကို မေးမြန်းရာတွင် တယောက်မှလွဲပြီး ကျန်အားလုံးက သင်တန်းသားဧ၏ ၃၀% မှာ ကလေးစစ်သားများဖြစ်ကြောင်း ပြောပြခဲ့သည်။ စစ်တပ် များထဲတွင် ကလေးစစ်သားများရှိမှုအရေအတွက်မှာ ကွဲပြားနေကြသည်။ အချို့စစ် တပ်များတွင် ကလေးစစ်သား ၅% သာရှိသော်လည်း၊ ကလေးစစ်သား ဟောင်းများ ပြောပြချက်အရမှာမူ စစ်တပ်သစ်များတွင် ကလေးစစ်သား ၅၀% မှ ၆၀% အထိ ရှိကြောင်းသိရသည်။ ထိုကဲ့သို့ကွဲပြားနေမှုများနှင့် တပ်မတော်တခုလုံးတွင်ရှိသည့် ကလေးစစ်သားအရေအတွက်ကို ခန့်မှန်းရန်ခက်ခဲသည့်အတွက်ကြောင့် ဤအစီရင်ခံ စာသည် တပ်မတော်ထဲတွင်ကလေးစစ်သားဦးရေမည်မျှရှိကြောင်းကို တင်ပြမည်မဟုတ် ပါ။

### ကလေးစစ်သားစုဆောင်းနေမှုများကိုတင်ပြရန် နအဖအစိုးရ၏ပျက်ကွက်မှု

နအဖအစိုးရသည် တပ်မတော်ထဲတွင် ကလေးစစ်သားအသုံးပြုမှုမရှိဟု တသမတ် တည်းငြင်းဆန်နေခဲ့ပြီး စစ်တပ်မှ နေရာအနှံ့ကလေးစစ်သားစုဆောင်းနေခြင်းကို ရပ်ဆိုင်းဖို့ ပျက်ကွက်ခဲ့သည်။ "အသက်မပြည့်သည့် ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းမှ ကာကွယ်သည့်ကော်မတီ" ကအရေးယူဆောင်ရွက်ခြင်း အစီအစဉ်ကို ထုတ်ပြန်ခဲ့ သော်လည်း လက်တွေ့မှာမူ အနည်းငယ်သာလုပ်ဆောင်မှု ရှိကြောင်း တွေ့ရသည်။

အရေးယူဆောင်ရွက်ခြင်းအစီအစဉ်တွင် ကလေးစစ်သားစုဆောင်းခြင်းနှင့်ပတ်သက်ပြီး ပြည်သူလူထုများကို အသိပေးနှိုးဆော်ခြင်းများပါဝင်သည်။ အစိုးရမှဦးဆောင်ပြီး လုပ်သည့်နှိုးဆော်ချက်များကို စစ်တပ်တွင်ဖြစ်စေ၊ ပြည်သူလူထုကြားတွင်ဖြစ်စေ အနည်းငယ်သာလုပ်ကြောင်း လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့ကြီးမှတွေ့ရ သည်။ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီးက တွေ့ဆုံမေးမြန်းခဲ့သည့် လက်ရှိစစ်သားများနှင့်

စစ်သားဟောင်းများ၊ တပ်ကြပ်ကြီးများ၊ စာရေးများကအစ ကလေးစစ်သားနှင့် ပတ်သက်သည့်လမ်းညွှန်ချက်များကို မသိကြချေ။ အရေးယူဆောင်ရွက်ခြင်းအစီအစဉ် တွင်ပါရှိသည့်လုပ်ဆောင်ချက်တရပ်ဖြစ်သော သတင်းမီဒီယာများမှတဆင့် ပြည်သူ များကို ပညာပေးလှုံ့ဆော်ခြင်းများကိုလည်း လုပ်ဆောင်နေခြင်းမတွေ့ရပေ။ ပြောဆို ချက်များနှင့်ဆန့်ကျင်ပြီး ၎င်းကော်မတီကပင် တပ်မတော်မှ ကလေးစစ်သား စုဆောင်းခြင်း မရှိဟုဟစ်ကြွေးနေသည်။ နိုင်ငံတော်သတင်းမီဒီယာများက ထိုသို့ ကလေး စစ်သားအသုံးပြုမှုရှိသည်ဆိုသည့် တင်ပြချက်များမှာ "မဟုတ်မမှန်ကန်သော တရားစွပ်စွဲချကများ" ဖြစ်သည်ဟု ပြောကြားပြီး၊ စက်တင်ဘာ ၂၀၀၇ တွင် အစိုးရက "ကလေးစစ်သားရှိကြောင်း စွဲဆိုချက်သည် မမှန်ကန် ကြောင်းထုတ်ဖော်နိုင်ရန်" ကမ္ဘာ့ကုလမဂ္ဂကိုယ်စားလှယ်များနှင့် အတူလုပ်ဆောင်နေ သည်ဟု ကြေငြာခဲ့ သည်။

နအဖအစိုးရ ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းအရေအတွက်များအရ ၂၀၀၄ ကတည်းက ပြန်လွှတ်ပေးခဲ့သော ကလေးစစ်သားအရေအတွက်မှာ ၁၂၂ ယောက်သာ ရှိသောကြောင့် "အသက်မပြည့်သည့် ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းမှ ကာကွယ် သည့်ကော်မတီ" မဖွဲ့စည်းခင်က နှစ်စဉ်ပြန်လွှတ်ပေးခဲ့သောနှုန်းများထက် သိသိ သာသာ ပို၍လျော့နည်းနေသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီ အသင်းနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်သို့ တိုင်တန်းပြောကြားခဲ့ သောအချို့မိဘများက ၎င်းအဖွဲ့အစည်းများက အစိုးရထံသို့အသနားခံလွှာ တင်သွင်း ပေးသောကြောင့် သူတို့ကလေးငယ်များကို စစ်တပ်မှ ပြန်လည်ရရှိခဲ့သည်။ သို့သော် လည်း၊ အချို့သောအမှုကိစ္စများတွင်တော့ အစိုးရက တင်ပြချက်များကို ငြင်းပယ်ခြင်း (သို့) မိဘများကို လာဘ်ထိုးပြီး တရားဝင်အစီရင်ခံစာများ မလုပ်ရန်ဖျောင်းဖျလိုက် သည်။ စစ်အရာရှိများက မိဘများအား လာဘ်ထိုးလျှင် သူတို့ကလေးများကို လွှတ်ပေး မည် ဟူ၍ဖော်ပြထားသော အစီရင်ခံစာများကိုလည်း လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ ကြီးမှ ရရှိခဲ့သည်။ တချိန်တည်းမှာပဲ၊ တပ်ပြေးကလေးစစ်သားများကိုလည်း ဆက် လက်ဖမ်းနေမြဲ၊ တရားစွဲဆိုမြဲနှင့် လူကြီးထောင်များတွင် အကျဉ်းချနေမြဲဖြစ်သည်။

နအဖအစိုးရက ၂၀၀၂ ကတည်းက အနည်းဆုံး ကလေးစစ်သားအမှု ၃၀ လောက်ကို ကိုင်တွယ်ဖြေရှင်းခဲ့ပြီဟုဆိုသည်။ သို့သော်၊ အရေးယူအပြစ်ပေးခံရခြင်းနှင့်ပတ်သက် ပြီး ပြည်သူလူထုများအား အသိပေးခြင်းမရှိခဲ့သလို၊ ၎င်း၏အစီရင်ခံစာများက ၂၀၀၅ နှင့်၂၀၀၆ တွင် မည်သည့်ကလေးစစ်သားစုဆောင်းသူကိုမျှ အရေးယူအပြစ်ပေးခြင်း မရှိခဲ့ကြောင်းဝန်ခံနေသည်။ ကလေးစစ်သားစုဆောင်းသူများကို ကင်းလွှတ်ချမ်းသာ ခွင့်ပေးခြင်းမှာ နအဖတို့ထုံးစံပင်ဖြစ်နေသည်။ ဤအစီရင်ခံစာအတွက် စုဆောင်းရရှိ ထားသည့် သက်သေအထောက်အထားများအရ တပ်မတော်အရာရှိများသည် ကလေး

စစ်သားစုဆောင်းမှုကို သည်းခံခွင့်ပြုနေသည်သာမက၊ ထိုကလေးစစ်သားများ၏ အသက်ကိုပင် လိမ်လည်ပြီးမှတ်တမ်းတင်ခြင်း၊ ကလေးစစ်သားစုဆောင်းမှုအတွက် ငွေကြေးပိုက်ဆံများနှင့် အခြားကုန်ပစ္စည်းများပေးခြင်းကိုလည်း ပြုလုပ်နေသည်။

နအဖအစိုးရက လွန်ခဲ့သော ၅ နှစ်သာအတွင်း ကလေးစစ်သားစုဆောင်းမှုနှင့်ကလေး စစ်သားအသုံးပြုမှုကို ထိရောက်စွာကာကွယ်နိုင်မည့် မည်သည့်အပြုသဘော လုပ်ဆောင်ခြင်းကိုမျှ မပြုလုပ်ခဲ့ချေ။ ဆန့်ကျင်ဘက်အနေဖြင့် ပြောင်းလဲနေသော စစ်သားစုဆောင်းရေးခွဲတမ်းများပေးပြီး ကလေးစစ်သားအသုံးပြုမှုကို ပိတ်ပင်တားဆီး ထားသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ စံအလေးချိန် အတိုင်းအတာများကို ဥပက္ခာပြုကာ ကလေးစစ်သားများကို ဆက်လက်သုံးနေမည် ဖြစ်ကြောင်းထင်ရှား သည်။ အနာဂတ်တွင် လုပ်ဆောင်သွားမည့် နအဖ၏ ကတိများသည် သိသာထင်ရှား သောအကျိုးရလဒ်များကို ရရှိစေသည့် ထိရောက်သော လက်တွေ့အရေးယူဆောင်ရွက် ခြင်းကိုလုပ်ဆောင်နိုင်ပြီး၊ ပိတ်ပင်တားဆီးခြင်းမရပဲ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုမှ ရလာသော အတည်ပြုပြောဆိုချက်များကို အမှန်တကယ်လုပ်ဆောင်သွားနိုင်မှသာလျှင် ထိုကတိမျိုးကို အသိအမှတ်ပြုသင့်သည်။

## လက်နက်ကိုင်အဖွဲ့များ

ဤအစီရင်ခံစာသည် လက်နက်ကိုင်အဖွဲ့များမှ ကလေးစစ်သားအသုံးပြုနေမှုကို ထောက်ပြသက်သေခံရန်မဟုတ်သော်လည်း၊ လက်နက်ကိုင်အဖွဲ့ကြီးများအပါအဝင် အဖွဲ့ ၁၂ ဖွဲ့ကို ဥပမာထားပြီး တင်ပြဆွေးနွေးထားပါသည်။ လက်နက်ကိုင်အဖွဲ့အများ စုသည် ကလေးစစ်သားအချို့အား အသုံးပြုနေသည်ကိုတွေ့ရသည်။ သို့သော်၊ ထိုကလေးစစ်သားများကို မည်သို့စုဆောင်းသည်၊ မည်ကဲ့သို့ဆက်ဆံသည်နှင့် သူတို့အဖွဲ့များက ကလေးစစ်သားအသုံးပြုမှုကိုရပ်ရန် မည်သို့ကြိုးပမ်းနေသည် ဆိုသည့်အနေအထားများအားလုံးသည် နအဖအစိုးရနှင့်ကွဲပြားသည်။ ဤလက်နက် ကိုင်အဖွဲ့များ၏တပ်အင်အားမှာ ပိုနည်း၍ ခြိုင်းငြီးကြည့်ပါကတပ်မတော်ထက် ကလေးစစ်သားအသုံးပြုမှု ပိုနည်းကြောင်းတွေ့ရသည်။

ကလေးစစ်သားအမြောက်အမြားမှာ မိသားစုကမထောက်ပံ့နိုင်သောကြောင့်ဖြစ်စေ၊ သူတို့ကလေးတွေကိုယ်တိုင်က လက်နက်ကိုင်တော်လှန်လို၍ဖြစ်စေ၊ မိမိတို့ကျေးရွာ များ၊ မိသားစုများအား နအဖစစ်တပ်များရဲ့လူ့အခွင့်အရေးချိုးဖောက်နေမှုလုပ်ရပ် များမှ ကာကွယ်စောင့်ရှောက်ရန်ဖြစ်စေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စစ်တပ် များသို့ မိမိတို့အလိုဆန္ဒအလျောက် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ အချို့လက်

နက်ကိုင်အဖွဲ့များမှာ စစ်သားစုဆောင်းရေးခွဲတမ်းများကို သတ်မှတ်ထားသည်ဖြစ်၍၊ ရပ်ရွာများ၊ မိသားစုများက ငွေခွဲတမ်းကို ဖြည့်ဆည်းရသည်။ ထိုကဲ့သို့သောအခြေအနေများတွင်၊ အချို့မိသားစုများက အရွယ်ရောက်ပြီးအားကိုးရသော သားသမီးများကို စစ်တပ်သို့မပို့လိုပဲ အသက် ၁၈ အောက်ကလေးများကိုပို့ရန် ရွေးချယ်ခြင်းများနှင့် အချို့မိသားစုများတွင် အသက် ၁၈ နှစ်အထက်ကလေးမရှိသောကြောင့် အသက်မပြည့်သေးသော ကလေးများကို စစ်တပ်ထဲသို့ပို့ရခြင်းများ ဖြစ်တတ်သည်။

လက်နက်ကိုင်အုပ်စုအများစုမှာ သိပ်မကြာသေးခင်မှာပဲ၊ ကလေးစစ်သားအသုံးပြုမှုကို အရေးကြီးသောအမှုတရပ်အနေဖြင့် မြင်တတ်လာသည်။ ကရင်နီတပ်နှင့်ကရင်အမျိုးသားလွတ်မြောက်ရေးစစ်တပ် စသည့်အဖွဲ့တို့မှ ကလေးစစ်သားစုဆောင်းမှုကို ရပ်တန့်စေရန်ကြိုးစားနေကြသော်လည်း၊ စည်းလုံးညီညွတ်သော ဝပြည်စစ်တပ်နှင့် ဒီမိုကရက်တစ်ကရင်ဗုဒ္ဓစစ်တပ်များ အပါအဝင်အခြားတပ်များက ကလေးစစ်သားအသုံးပြုမှုကိုဆက်လက်လုပ်နေမြဲဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အများစုမှာ နိုင်ငံတကာအဖွဲ့အစည်းများက ကလေးစစ်သားအသုံးပြုမှုကိစ္စတွင် ပါဝင်ခြင်းကိုလက်ခံရန် တွေဝေနေကြသည်။ ရှမ်းပြည်တောင်ပိုင်းစစ်တပ်က ကလေးစစ်သားအသုံးပြုမှုကို ရပ်တန့်ရန်ကြိုးစားနေသော်လည်း၊ ပြင်ပမှ စောင့်ကြတ်စစ်ဆေးမှုကို ခွင့်မပြုခြင်း၊ အလားတူ ကချင်လွတ်လပ်ရေးစစ်တပ်ကလည်း မိမိတို့အနေဖြင့် ကလေးများကို တိုက်ပွဲများတွင်မသုံးပဲ ပြုစုစောင့်ရှောက်နေသည်ဟု ခံယူထားပြီး ပြင်ပမှဝင်ရောက်စွက်ဖက်မှုမရှိရန် လိုလားသည်။

ကရင်နီစစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးစစ်တပ်တို့က ပြင်ပမှ ကလေးစစ်သားအသုံးပြုမှုကို စောင့်ကြတ်စစ်ဆေးခွင့်ပေးသည်သာမက၊ ကလေးစစ်သားမသုံးရန်နှင့် ကလေးစစ်သားမစုဆောင်းရန် "တာဝန်ခံကတိဆောင်ရွက်ချက်များ" ကို သဘောတူ လက်မှတ်ရေးထိုးခဲ့အားဖြင့် အပြည်ပြည်ဆိုင်ရာစံအလေးချိန် အတိုင်းအတာများနှင့် ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လူ့အခွင့်အရေး လှုပ်ရှားမှုအဖွဲ့ကြီး၏လွန်ခဲ့သောစုံစမ်းစစ်ဆေး မှုတွင် ကရင်နီစစ်တပ်၌ကလေးစစ်သားလေးယောက်ကို တွေ့ရှိခဲ့ရသော်လည်း ယခုစုံစမ်းစစ်ဆေးရေးတွင်မူ ကလေးစစ်သားစုဆောင်းခြင်းနှင့် အသုံးပြုမှုကို မတွေ့ရတော့ပါ။

ဤအစီရင်ခံစာအတွက် ရရှိခဲ့သော သက်သေအထောက်အထားများအရ ကလေးစစ်သားအသုံးပြုမှုကို ပိတ်ပင်တားဆီးထားသည့် အပြည်ပြည်ဆိုင်ရာ စံအလေးချိန် အတိုင်းအတာများကိုချိုးဖောက်မှုအတွက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး

၏စာရင်းတွင် ကရင်နီစစ်တပ်အားထည့်ထားခြင်းမှ နုတ်ပယ်ရန်အကြံပြုပါသည်။ သို့သော်၊ ဒီမိုကရက်သစ်ကရင်ဗုဒ္ဓစစ်တပ်နှင့် ကရင်နီအမျိုးသားများလူထုလွတ်မြောက်ရေးတပ်တို့ကိုတော့ နောက်ထပ်စာရင်းတွင် ထပ်ထည့်ထားသင့်သည်။

## ပြည်တွင်းနှင့် နိုင်ငံတကာမှ တုံ့ပြန်မှု

မကြာသေးမီနှစ်များအတွင်းတွင်၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း၊ ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားအစိုးရမဟုတ်သောအဖွဲ့အစည်းများက ကလေးစစ်သားအသုံးပြုမှုကိုရပ်တန့်စေရန် နည်းလမ်းမျိုးစုံ ကိုသုံးပြီးကြိုးပမ်းခဲ့ကြသည်။ ထိုသို့ကြိုးပမ်းရာတွင် အစိုးရစစ်တပ်နှင့်လက်နက်ကိုင်အဖွဲ့များနှင့်အတူ ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများကိုဆွေးနွေးညှိနှိုင်းခြင်း၊ ပြည်သူလူထုအား ပညာပေးအသိပေးလှုံ့ဆော်မှု၊ မွေးသက္ကရာဇ်စာရင်းများကောက်ယူခြင်းလုပ်ထုံးလုပ်နည်းများကို တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကလေးစစ်သားစုဆောင်းခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် ကလေးများကို ကျောင်းထားခိုင်းခြင်းနှင့်စစ်သားစုဆောင်း ခံလိုက်ရသည့်ကလေးငယ်များ စစ်တပ်မှထွက်ခွာလာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးသည့် လူမှုရေးလုပ်ငန်းများပါဝင်သည်။

ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အချို့အမှုကိစ္စများတွင် ကလေးများလွတ်မြောက်လာအောင်လုပ်ဆောင်နိုင်ကြသော်လည်း အချို့တွင်မူ မအောင်မြင်ပဲရှိသည်။ ပဏာမဆောင်ရွက်ချက်များမှာ ကလေးစစ်သားအကြောင်းကို သွယ်ဝိုက်စွာပြောဆိုခြင်းများကြောင့် သိပ်မအောင်မြင်ခဲ့ချေ။ ကလေးများအားကျောင်းထားရန်နှင့် မွေးသက္ကရာဇ်များထားရှိရန် ကြိုးပန်းလှုံ့ဆော်ချက်များလည်း ပြည်သူများ၏ဆင်းရဲမှု၊ စီးပွားရေးကျပ်တည်းမှုများနှင့် အစိုးရ၏လာဘ်စားမှုများကြောင့် ထိရောက်ခြင်းမရှိပေ။

ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများက အိမ်နီးချင်းနိုင်ငံများသို့ မြန်မာစစ်တပ်မှလွတ်မြောက်လာသည့် အရွယ်မရောက်သေးသောကလေးစစ်သားများကို ပြုစုစောင့်ရှောက်ပေးသည်။ ၎င်းလုပ်ဆောင်မှုများက အချို့သောကလေးများကို ကူညီမှုပေးနိုင်သော်လည်း၊ ထိုင်းအစိုးရက ဒုက္ခသည်များနှင့်အဖွဲ့အစည်းများအပေါ် ပိတ်ပင်တားဆီးချက်များထားရှိမှုကြောင့် အခက်အခဲများနှင့်ကြုံရသည်။ တပ်မတော်မှတပ်ပြေးသူများမှာ မြန်မာပြည်သို့မပြန်ရဲတော့ပဲ၊ ဒုက္ခသည်စခန်းများတွင်သာနေသည်။ အကယ်၍ စခန်းအပြင်ဘက်တွင်တွေ့ရှိပါက ထိုကလေး

တပ်ပြေးများသည် မြန်မာပြည်သို့အပို့ခံမည့်အနေအထားတွင် ရှိနေသည်။ ၎င်းက လေးများအဖို့ တတိယနိုင်ငံတွင်အခြေချသွားခြင်းသည် အကောင်းဆုံးဖြေရှင်းချက် ဖြစ်နေသော်လည်း မြန်မာဒုက္ခသည်အများဆုံးကို လက်သင့်ခံနေရသည့်ထိုင်းအစိုးရက ထိုအခွင့်အရေးများကို ပိတ်ပေးနေလျှက်ရှိသည်။

ဤအဖွဲ့အစည်းများကလုပ်ဆောင်သော အခြားကြိုးပမ်းချက်များမှာ ဒုက္ခသည်များနှင့် နေရပ်အတွင်းအတည်တကျမရှိပဲလှည့်လည်တိမ်းရှောင်နေသူများကို ကလေးသူငယ် အခွင့်အရေးများအကြောင်း သင်ကြားပေးခြင်း ၊ စစ်သားစုဆောင်းခြင်းမှ ကာကွယ်ပေး နိုင်ရန် ဆယ်ကျော်သက်ကလေးများအတွက် "အမြန်စာသင်ကျောင်းများ" ကိုတည် ထောင်ခြင်းနှင့် လက်နက်ကိုင်အဖွဲ့များမှ အရာရှိများအား ကလေးသူငယ်အခွင့်အရေး များအကြောင်းကို သင်ကြားပေးခြင်းတို့ဖြစ်သည်။ ငွေကြေးအခက်အခဲများနှင့်ပစ္စည်း ကိရိယာများ မရှိခြင်းတို့ကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ပေ။ လက်နက် ကိုင်အဖွဲ့များကို ငွေကြေးများနှင့်ပစ္စည်းကိရိယာများဖြင့် ထောက်ပံ့နိုင်ပါက အောင်မြင် မှုများရရှိလာလိမ့်မည်။

## ၂။ အကြံပေးချက်များ

### နအဖအစိုးရသို့

- အသက် ၁၈ နှစ်အောက် ကလေးများအားစစ်သားစုဆောင်းခြင်းကို ချက်ချင်းရပ်ဆိုင်းပါ။ စစ်တပ်ထဲမှ အသက် ၁၈ နှစ်အောက်ကလေးများကို ပြန်လွှတ်ပေးပါ။
- အရွယ်မရောက်ခင်က စစ်တပ်ထဲသို့သွတ်သွင်းခံရပြီး၊ ယခုအချိန်တွင် အသက် ၁၈ နှစ်အထက်ရောက်နေပြီဖြစ်သော စစ်သားများကိုလည်း စစ်တပ်ထဲမှ ဂုဏ်ယူလေးစားဖွယ်ရာရှိသော ထွက်ခွာလာနိုင်မှုမျိုးကို ရွေးချယ်ခွင့်အနေဖြင့် ပေးပါ။
- စစ်တပ်ထဲသို့သွတ်သွင်းသော စစ်သားမှန်သမျှသည် အနည်းဆုံး အသက် ၁၈ ဖြစ်ကြောင်းသေချာအောင် ဆောင်ရွက်ပါ။ ဤရည်ရွယ်ချက်အောင်မြင်စေရန် စစ်သားသစ်မှန်သမျှ အသက် ၁၈ နှစ် အထက်ဖြစ်ကြောင်း သက်သေ အထောက်အထားစာရွက်စာတမ်းများဖြင့်ပြရမည်ဟူသော တောင်းဆိုချက် (ဝေစာများတွင် ထည့်ကြော်ငြာပြီးဖြစ်သည့်) ကို တိကျစွာလိုက်နာ

ဆောင်ရွက်ပါ။ အသက်ကို သေချာစွာထောက်ပြထားသော စာရွက်စာတမ်း များကို ရရှိမှုရှိမရှိကို စစ်ဆေးမှုများလည်း ထားရှိဆောင်ရွက်ရမည်။

- မွေးသက္ကရာဇ်ထောက်ခံစာများကို ပြုလုပ်ဆောင်ရွက်ပေးပြီး ကလေးတိုင်းတွင် အသက်မည်မျှရှိကြောင်းထောက်ခံသည့်သက်သေခံချက်များရှိပါစေ။
- အသက် ၁၈ နှစ်အောက်ကလေးများအား စစ်သားစုဆောင်းသည့် မည်သူ့ ကိုမဆို တရားဝင်အပြစ်ပေးဒဏ်ခတ်ခြင်းများ ပြုလုပ်ရမည်။ ၄င်းနှင့်ပတ်သက် ၍လည်း ပြည်သူလူထုနှင့်စစ်တပ်များကို တရားဝင်ကြေငြာရမည်။ ကလေးများ အားစစ်တပ်သို့ စုဆောင်းသည့်စစ်သားစုဆောင်းသူများ၊ ရဲ၊ မီးသတ်အဖွဲ့ဝင် များနှင့် ပြည်သူလူထုများအပါအဝင်မည်သူ့ကိုမဆို ထောင်ချခြင်းများ၊ ပြစ်ဒဏ် ချမှတ်ခြင်းများဖြင့် အပြစ်ပေးလုပ်ဆောင်သွားရမည်။
- ကလေးစစ်သားစုဆောင်းခြင်းအတွက် ပေးနေသည့်မက်လုံးများဖြစ်သော ငွေကြေး၊ ရာထူးနှင့် စစ်တပ်မှထွက်ခွာခွင့်များပြုလုပ်ပေးနေခြင်းကို ရပ်တန်း ကရပ်ပေးပါ။
- စစ်သားစုဆောင်းခြင်းလုပ်ဆောင်မှုများကို သေချာစွာရှင်းပြနိုင်ရန် သက်ဆိုင် မှုရှိသောနိုင်ငံတကာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကိုရှာပါ။
- စစ်သားသစ်များ၊ ၄င်းတို့မိသားစုများနှင့် အခြားပတ်သက်သည့် အဖွဲ့များ အနေဖြင့် မိမိတို့ကလေး စစ်သားစုဆောင်းခြင်းခံလိုက်ရပြီ ဟုတ်မဟုတ် သိရှိ စုံစမ်းနိုင်ရန် နည်းလမ်းကို ထားရှိပါ။ ကလေးကို စစ်တပ်မှပြန်လွှတ်လာအောင် ကြိုးစားမှုများက ကလေးငယ်နှင့် အသနားခံသူများအပေါ် ဂလဲ့စားချေအပြစ် ပေးလာမည်ကို စိုးရိမ်ရခြင်းမျိုးများမရှိရလေအောင် လုပ်ဆောင် ပေးရမည်။ ယင်းအမှုများကို ပြည်ပမှ စောင့်ကြတ်စစ်ဆေးသည့်လွှတ်လပ်သောအဖွဲ့ အစည်း (သို့) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး လုပ်နိုင် သည်။ ဤအကြောင်းကိုလည်း နိုင်ငံအနှံ့အသိပေးကြေငြာရမည်။
- စစ်တပ်မှ ထွက်ပြေးသောကလေးများကို တပ်ပြေးများအဖြစ်မဆက်ဆံရန်နှင့် ပြစ်ဒဏ်ပေးခြင်းမျိုးများ မပြုလုပ်ရန်။ စစ်တပ်မှထွက်ပြေးမှုအတွက် အကျဉ်းချ ခံနေရသောကလေးငယ်များ (သို့) ကလေးအရွယ်တွင်စုဆောင်းခံရသောစစ် သားများကို ချက်ချင်းပြန်လွှတ်ပေးပါ။
- ရဲဌာန့်မှ ကလေးများအပါအဝင် ကလေးစစ်သားဟောင်းများက မိမိတို့ မိသားစု ဝင်များနှင့် (ဂလဲ့စားချေ၊ အပြစ်ပေးလာမည်ကို စိုးရိမ်ခြင်းများ မရှိပဲ) တွေ့ဆုံ နိုင်ရန်နည်းလမ်းကို ချမှတ်ပါ။
- ကလေးစစ်သားဟောင်းများက မိမိတို့မိသားစုများနှင့် ပြည်လည်ဆုံဆည်းနိုင် ရန် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များ

ဆိုင်ရာမဟာမင်းကြီးရုံး စသည့်အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ ထိုကလေးများအတွက် အသက်မွေးဝမ်းကျောင်းပညာရေးများ၊ ပြန်လည်ထူထောင်ခြင်းများနှင့် လူမှုရေးဘောင်တွင်းသို့ဝင်ဆန့်နိုင်အောင်လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ပေးပါ။

- စစ်တပ်တိုက်ပွဲများတွင်ပါဝင်သည့်ကလေးများကို ကာကွယ်သည့်ကလေးအခွင့်အရေးဆိုင်ရာ နောက်ဆက်တွဲသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပါ။ လက်ရှိတရားဥပဒေများကိုလိုက်နာပြီး၊ အနည်းဆုံး အသက် ၁၈ ပြည့်မှ စစ်မှုထမ်းနိုင်ကြောင်းကိုလည်း သေချာစွာဖော်ပြထားရှိရမည်။
- အတင်းအဓမ္မ (သို့) မလုပ်မနေမနေရစနစ်ဖြင့် ကလေးများကိုစုဆောင်းပြီး စစ်ပွဲများတွင်သုံးခြင်းသည် အဆိုးရွားဆုံးသောကလေးအလုပ်ပုံစံများတွင် ပါဝင်သည်ဟုထောက်ပြထားသည့် "ကလေးသူငယ်များရဲ့ အဆိုးရွားဆုံးသောအလုပ်ပုံစံများ သဘောတူစာချုပ်" ကို အတည်ပြုလက်မှတ်ရေးထိုးပါ။
- အသက် ၁၅ နှစ်အောက် ကလေးများအားစုဆောင်းခြင်းနှင့်အသုံးပြုခြင်းသည် စစ်ရာဇဝတ်မှုဖြစ်သည်ဟု ပြဋ္ဌာန်းထားသော ရောမ ဥပဒေပြုအာဏာပိုင်အဖွဲ့ကပြဋ္ဌာန်းထားသည့်ဥပဒေ  အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးကို အတည်ပြုလက်မှတ်ရေးထိုးရမည်။
- "အသက်မပြည့်သည့် ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းမှ ကာကွယ်သည့် ကော်မတီ" ၏ အရေးယူဆောင်ရွက်ခြင်းအစီအစဉ်အရ၊ ကလေးများကို မည်သူမျှ စစ်သားစုဆောင်းပိုင်ခွင့်မရှိကြောင်းကို ကလေးများနှင့်မိဘများသိရှိစေရန် သတင်းမီဒီယာများနှင့်အခြားနေရာများမှ တဆင့် အသိပေးလှုံ့ဆော်ခြင်းများ ပြုလုပ်ရမည်။
- "အသက်မပြည့်သည့် ကလေးသူငယ်များအား စစ်သားစုဆောင်းခြင်းမှ ကာကွယ်သည့် ကော်မတီ" ၏ အလုပ်နှင့်ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအား သတင်းမျှဝေလဲလှယ်ခြင်းကိုပြုလုပ်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ စံအလေးချိန် အတိုင်းအတာများများဖြစ်သည့်ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကော်စီဆုံးဖြတ်ချက်များ နံပတ် ၁၅၃၉၊ ၁၆၁၂ နှင့် စစ်တပ်များနှင့်စစ်တပ်အဖွဲ့ဝင်များတွင်ပါဝင်နေသည့်ကလေးများအတွက် "ပဲရစ် စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ" နှင့် ကိုက်ညီနိုင်ရန်၊ ကော်မတီ၏အရေးယူဆောင်ရွက်ခြင်းအစီအစဉ်ကိုပြင်ဆင်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်အတူ လက်တွဲဆောင်ရွက်ပါ။
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူနိုင်ငံတကာလူသားချင်း

စာနာထောက်ထားသောဥပဒေများနှင့် ကလေးအခွင့်အရေးများအကြောင်းကို အရာရှိများနှင့်စစ်သားစုဆောင်းသူများအားလုံးအပါအဝင် စစ်သားအားလုံးကို သင်တန်းပေးပြီး သင်ကြားရမည်။

- နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့ပေးသောလူသားချင်းစာနာသော အခွင့်အလမ်းများကို တားဆီးပိတ်ပင်နေခြင်းကို ဖယ်ရှားပစ်ရမည်။ ကလေးစစ်သားအသုံးပြုမှုနှင့်စုဆောင်းမှုကိုရပ်ဆိုင်းစေရန် ၎င်းအဖွဲ့အစည်းများနှင့် ပူးတွဲလုပ်ဆောင်ရမည်။
- မြန်မာလူမှုရေးအဖွဲ့အစည်းများအား ခြိမ်းခြောက်မှုမျိုးမပြုလုပ်ရန်နှင့်၊ ထိုအဖွဲ့များက ကလေးစစ်သားစုဆောင်းမှုကို အစီရင်ခံနိုင်အောင် လုပ်ဆောင်ကူညီရမည်။
- ကလေးများအား မသင်မနေရအခမဲ့မူလတန်းကျောင်းပညာကို ပေးရမည်။ အခမဲ့အလယ်တန်းကျောင်းပညာကိုရရှိရန်လည်း ကြိုးစားလုပ်ဆောင် သွားရမည်။ ကျောင်းအပ်ခ၊ အခြားစာအုပ်ဖိုးနှင့် စုံညီဝတ်စုံများအတွက် ကုန်ကျငွေကို မတောင်းပဲ (သို့) ၎င်းကုန်ကျစရိတ်ကို မတတ်နိုင်သော မိသားစုများအားကူညီပေးသည့်အစီအစဉ်များကို တိုးချဲ့ဖွဲ့စည်းရမည်။
- စစ်တပ်များ (သို့)စစ်တပ်များနှင့် ဖွင့်လှစ်ထားသောစာသင်ကျောင်းများသည် နိုင်ငံတကာပညာရေးစံအလေးချိန် အတိုင်းအတာများနှင့် ကိုက်ညီရမည်။ ၎င်းပညာရေးကျောင်းများသည် စေတနာ့ဝန်ထမ်းကျောင်းဖြစ်ရမည်ဖြစ်ပြီး၊ ကလေးများက မိဘများနှင့်အုပ်ထိန်းသူများထံမှ ခွင့်ပြုချက်ရရှိမှသာ ပါဝင်ရမည်။ ထိုကျောင်းများသည် ကလေးများအား စစ်သားအဖြစ်အသုံးပြုခြင်း (သို့) စစ်တပ်၏အဖွဲ့ဝင်များအဖြစ် သတ်မှတ်ခြင်း မရှိစေရ။
- စစ်တပ်မှဖွင့်လှစ်ထားသည့် ပညာရေးကျောင်းများတွင် သင်ကြားနေသည့် ကလေးများက အလည်လာတွေ့သူများနှင့်မိသားစုများကိုပါ ပုံမှန်တွေ့ဆုံဆက်သွယ်ခွင့်ရှိရမည်။
- မိဘမဲ့ကလေးများနှင့် စွန့်ပစ်ခံရသည့်ကလေးများက ပြည်သူ့ကျောင်းများ၌ စာသင်ခွင့်ရရန်နှင့် လုံလောက်သောပြုစုစောင့်ရှောက်မှုများရရှိရန် ဆောင်ရွက်ရမည်။
- မိဘမဲ့ကလေးများ၊ မသန်မစွမ်းသောကလေးများနှင့် အခြားကလေးများကို သင်ကြားသော ပညာရေးများကျောင်းများသည် ကလေးများ ကျောင်းတက်နေစဉ်နှင့် ကျောင်းပြီးဆုံးချိန်၌ စစ်တပ်များတွင်စစ်မှုထမ်းခိုင်းရန် မဖြစ်စေရ။

- ငြိမ်းချမ်းရေးယူထားသောအဖွဲ့များကိုလည်း ကလေးစစ်သားစုဆောင်းခြင်း၊ အသုံးပြုခြင်းကို တားမြစ်ထားသည့် နိုင်ငံတကာစံအလေးချိန်အတိုင်းအတာများကိုလိုက်နာရန် ဖိအားပေးဆောင်ရွက်ပါ။ ၄င်းအဖွဲ့များမှ ပြင်ပအကူအညီများလိုအပ်လာသည့်အခါတွင်လည်း ကူညီလမ်းပြပေးပါ။

စစ်တပ်မှ ကလေးများအားလုံးထွက်ခွာခွင့်မရမီ ရေတိုကြားဖြတ်တိုင်းထွာမှုများ

- ကလေးစစ်သားများကို 'ခွင့်' ပေးပြီး မိသားစုများနှင့် ပုံမှန်ဆက်သွယ်နိုင်ခွင့်ကို ပေးရမည်။
- ကလေးစစ်သားများအား ကိုယ်ခန္ဓာပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာညှင်းပန်းနှိပ်စက်မှုများပြုလုပ်ခြင်းကို ရပ်ဆိုင်းပါ။

လက်နက်ကိုင်အဖွဲ့များသို့

- အသက် ၁၈ နှစ်အောက် ကလေးများအားစစ်သားစုဆောင်းခြင်းကို ချက်ချင်းရပ်ဆိုင်းပါ။ စစ်တပ်ထဲမှ အသက် ၁၈ နှစ်အောက်ကလေးများကို ပြန်လွှတ်ပေးပါ။
- အရွယ်မရောက်ခင်က စစ်တပ်ထဲသို့သွတ်သွင်းခံရပြီး၊ ယခုအချိန်တွင် အသက် ၁၈ နှစ်အထက်ရောက်နေပြီဖြစ်သောစစ်သားများကိုလည်း စစ်တပ်ထဲမှ ဂုဏ်ယူလေးစားဖွယ်ရာ ထွက်ခွာလာနိုင်ခွင့်ကို ရွေးချယ်ခွင့်အနေဖြင့်ပေးပါ။
- ကလေးစစ်သားစုဆောင်းမှုများကိုရပ်ဆိုင်းရန် တာဝန်ခံချက်များကို ပြုလုပ်ပါ၊ စစ်တပ်တွင်ရှိသောကလေးများကိုထွက်ခွာခွင့်ပေးပါ၊ ကရင်နီစစ်တပ်နှင့်ကရင်အမျိုးသားလွတ်မြောက်ရေးစစ်တပ်တို့ သဘောတူလက်မှတ်ရေးထိုးခဲ့သော ကလေးစစ်သားမသုံးရန်နှင့် ကလေးစစ်သားမစုဆောင်းရန် "တာဝန်ခံကတိဆောင်ရွက်ချက်များ" လက်မှတ်ရေးထိုးပြီး ပြင်ပစောင့်ကြပ်စစ်ဆေးမှုကိုခွင့်ပြုပါ။
- အသက် ၁၈ နှစ်အောက်ကလေးများအား စစ်သားစုဆောင်းခြင်းကို ပိတ်ပင်တားဆီးသည့် ရှင်းလင်းပြတ်သားသော မူဝါဒများမရှိသေးပါက၊ ရှိအောင်လုပ်ဆောင်သွားပါ။ ၄င်းမူဝါဒများကို လက်နက်ကိုင်အဖွဲ့ဝင်များအားလုံးနှင့် ပြည်သူများပါ သိရှိနားလည်စေအောင်လုပ်ရမည်။

- စစ်တပ်ထဲသို့ သွင်းသောစစ်သားတိုင်းကို အသက်သေချာစွာစစ်ဆေးသည့် စနစ်ကျသောနည်းစနစ်ကိုပြုလုပ်ပြီး စုဆောင်းသောစစ်သားသစ်အားလုံးဟာ အနည်းဆုံး အသက် ၁၈ ဖြစ်ကြောင်းစေ့စေ့စပ်စပ်လုပ်ဆောင်ရမည်။
- အသက်မပြည့်သောကလေးများကို စုဆောင်းသည့်သူများကို စနစ်တကျပြစ် ဒဏ်ပေးအရေးယူခြင်းများ လုပ်ဆောင်ရမည်။
- နအဖစစ်တပ်မှ ထွက်ပြေးလာသော ကလေးစစ်သား၊ ဖမ်းဆီးမိသောကလေးစစ်သားများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသို့ တခါပြန်စုဆောင်းယူခြင်းမပြုလုပ်ရ။
- စစ်သားစုဆောင်းသည့်ပုံစံများကို လွတ်လပ်စွာစစ်ဆေးနိုင်ဖို့ရန် သက်ဆိုင်မှုရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။
- ကလေးများကို မည်သူမျှ စစ်သားစုဆောင်းပိုင်ခွင့်မရှိကြောင်းကို ကလေးများနှင့်မိဘများသိရှိစေရန် မိမိတို့လွှမ်းမိုးအုပ်စိုးနေသောနေရာဒေသများတွင် အသိပေးလှုံ့ဆော်ခြင်းများ ပြုလုပ်ရမည်။
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ နိုင်ငံတကာလူသားချင်းစာနာထောက်ထားသော ဥပဒေများနှင့်ကလေးအခွင့်အရေးများအကြောင်းကို အရာရှိများနှင့် စစ်သားစုဆောင်းသူများအားလုံးအပါအဝင် စစ်သားအားလုံးကို သင်တန်းပေးပြီး သင်ကြားရမည်။
- မည်သည့်နေရာများတွင်မဆို၊ ပညာရေးအစီအစဉ်များနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွဲ့လှစ်ပြီး ကလေးများနှင့်မိဘများအား ထိုအခွင့်အရေးများကို အသုံးချသွားရန် အားပေးပါ။
- မိဘမဲ့ကလေးများ၊ မသန်မစွမ်းသောကလေးများနှင့် အခြားကလေးများကို သင်ကြားသော ပညာရေးများကျောင်းများသည် ကလေးများ ကျောင်းတက်နေစဉ်နှင့်ကျောင်းပြီးဆုံးချိန်၌ စစ်တပ်များတွင် စစ်မှုထမ်းခိုင်းရန် မဖြစ်စေရ။

ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ နှင့် တရုတ်အစိုးရ များထံသို့

- နအဖစစ်တပ်မှ ထွက်ပြေးလာသော ကလေးများအား ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် အခြားဆက်စပ်မှုရှိသော အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့ အကြောင်းကြားသတင်းပေးပါ။ (သို့)

အာဏာပိုင်များက ထိန်းသိမ်းထားသောအခါတွင်လည်း ကလေးများက သူတို့၏ နိုင်ငံသားခံယူမှုဆိုးဖြတ်ချက်ကို သူတို့ဖာသာဆုံးဖြတ်ခွင့်ရှိပါစေ။

- ထိုကလေးများကို မြန်မာပြည်သို့ပြန်မပို့ရန်နှင့် ကလေးများအားအထူးကာကွယ်စောင့်ရှောက်ပေးရမည်။

## ထိုင်းအစိုးရသို့

- နယ်စပ်ပူးပေါင်းဆောင်ရွက်ခြင်း ကော်မတီ၏ သဘောတူညီချက်ဖြစ်သော ထိုင်းနိုင်ငံတွင်တွေ့ရသော ကလေးတပ်ပြေးများကို နအဖစစ်တပ်သို့ပြန်အပ်မည်ဟူသည့်သဘောတူညီချက်ကို ပယ်ဖျက်လိုက်ပါ။
- ဒုက္ခသည်စခန်းသွင်း (သို့) အပြင်ဘက်တွင်ရှိနေသော ကလေးစစ်သားဟောင်းများအား ကာကွယ်စောင့်ရှောက်ပေးမည့်နည်းစနစ်များကို လုပ်ဆောင်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေ နီအသင်းနှင့်အခြား အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ခွင့်ပြုရမည်။
- ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၊ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေ နီအသင်းနှင့်အခြား အစိုးရမဟုတ်သောအဖွဲ့အစည်းများက ဒုက္ခသည်စခန်းတွင်းနှင့် အခြားထိုင်း နိုင်ငံနေရာများတွင်ရှိသော ကလေးများကိုစစ်သားစုဆောင်းခြင်းမှ ကာကွယ်ရန် သင်တန်းများပေးခြင်းနှင့် အခြားလုပ်ဆောင်ချက်များကို ခွင့်ပြုရမည်။

## ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးသို့

- ဒုက္ခသည်များအဆင့်ကိုသတ်မှတ်ရန်ဆုံးဖြတ်ရွေးချယ်ရာတွင် အသက် ၁၈ နှစ်အောက်အရွယ်တွင် စစ်တပ်သို့သိမ်းသွင်းခံခဲ့ရသော ကလေးများ (ယခု အချိန်တွင် အသက် ၁၈ နှစ်အထက်ရှိသွားပြီဖြစ်သော်လည်း) အား ဦးစားပေး၍ စဉ်းစားပေးရန်နှင့် မြန်မာပြည်သို့ ပြန်သွားသောအခါတွင်လည်းတရားစီရင်ရေး

ဆိုင်ရာမှအပဖြစ်သော စီရင်ဆုံးဖြတ်ချက်ကိုပါရရှိဖို့ ထည့်သွင်းစဉ်းစားလုပ်ဆောင်ပေးရန်။

- "မိဘအုပ်ထိန်းသူမပါသည့်ကလေးများ နိုင်ငံရေးခိုလှုံခွင့်တောင်းခံရာတွင်သုံးသည့် ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအတွက် ညွှန်ကြားချက်များ" နှင့် "ဒုက္ခသည်ကလေးများအားကာကွယ်စောင့်ရှောက်သည့်နည်းလမ်းများ" အထူးသဖြင့် မိဘအုပ်ထိန်းသူမပါသည့်ကလေးများအား ဒုက္ခသည်များအဖြစ်ခံယူရန် စဉ်းစားဆုံးဖြတ်သည့်ဦးစားပေးများနှင့် လုပ်ထုံးလုပ်နည်းများကို အပြည့်အဝလိုက်နာသွားရန်။
- အသက် ၁၈နှစ်အောက်ကလေးများကို စစ်သားအဖြစ်စုဆောင်းခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုတရပ်ဖြစ်သည်ဟု နိုင်ငံတကာမှသတ်မှတ်ထား ခြင်းကို ကမ္ဘာ့ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မူဝါဒ များနှင့် နည်းလမ်းများတွင် ထည့်သွင်းဖော်ပြပြီး၊ မိဘအုပ်ထိန်းသူမပါသည့်ကလေးများနှင့် ကလေးစစ်သားဟောင်းများက ဒုက္ခသည်များအဖြစ်ခံယူရန် တောင်းဆိုချက်များကို ဆုံးဖြတ်ချက်ချရာ၌ လမ်းညွှန်ချက်များ ပေးနိုင်ရန် "ဒုက္ခသည်အနေအထားကို ဆုံးဖြတ်ချက်ချမှတ်သည့်နည်းလမ်းများနှင့် ဦးစားပေးလုပ်ဆောင်မှုများ လက်စွဲစာအုပ်" ကိုပြုပြင်မွမ်းမံရမည်။
- မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများနှင့် ထိုင်းနိုင်ငံများတွင် မြန်မာပြည်သို့ ပြန်နှင်ထုတ်ရန်အတွက် အာဏာပိုင်များကဖမ်းဆီးအကျဉ်းချထားသော ကလေးတပ်ပြေးများ အပါအဝင် တပ်ပြေးစစ်သားအမှုများအားလုံးကို စုံစမ်းစစ်ဆေးရန်။
- ကလေးစစ်သားဟောင်းများက မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်ဒုက္ခသည်စခန်းများ၏ လူနေမှုဘဝနှင့် တစ်သားတည်းဝင်ဆံ့အောင်ရောနှောနေထိုင်ခြင်းများပြုလုပ်ရာနှင့်၊ ကလေးစစ်သားများစုဆောင်းခြင်းကို ကာကွယ်သည့်လုပ်ဆောင်မှုများပြုလုပ်ရာတွင် နည်းပညာပိုင်းဆိုင်ရာနှင့် ပစ္စည်းကိရိယာပိုင်းဆိုင်ရာများ၌ ကူညီရမည်။
- အိမ်နီးချင်းနိုင်ငံများသို့ထွက်ပြေးလာသော ကလေးတပ်ပြေးများကို ကာကွယ်စောင့်ရှောက်ကူညီနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့်လက်နက်ကိုင်အဖွဲ့များအား နည်းပညာပိုင်းဆိုင်ရာနှင့် ပစ္စည်းကိရိယာပိုင်းဆိုင်ရာတွင်ကူညီ ရမည်။

ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့

- စစ်တပ်များတွင်ရှိနေပြီးသော ကလေးများကိုထွက်ခွာလာခွင့်ရအောင်နှင့် ကလေးစစ်သားများစုဆောင်းနေခြင်းကို ချက်ချင်းရပ်ဆိုင်းရန် နအဖ အစိုးရနှင့်အတူ တိုက်တွန်းလှုံ့ဆော်ပါ။
- အသက်မွေးဝမ်းကျောင်းပညာရေးများ၊ ပြန်လည်ထူထောင်ခြင်းများနှင့် လူမှုရေးဘောင်တွင်းသို့ဝင်ဆန့်နိုင်အောင် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ပေးပါ။
- ကလေးစစ်သားများအား မိသားစုများနှင့်ပြန်လည်ဆုံဆည်းနိုင်ရန် ကူညီပေးပါ။
- တပ်မတော်နှင့် စစ်ပွဲဖြစ်နေသေးသည့်အဖွဲ့များအပါအဝင် လက်နက်ကိုင်အဖွဲ့ များနှင့်ဆက်သွယ်မှုကို ပြန်လည်ရယူပြီး၊ ထိုအဖွဲ့များနှင့်အတူ ကလေး စစ်သားများနှင့်ပတ်သက်သည့်အကြောင်းများကို လုပ်ဆောင်ခြင်းများ၊ ဆွေးနွေးခြင်းများ ပြုလုပ်ပါ။
- ကလေးစစ်သားဟောင်းများ လူနေမှုဘဝနှင့် တစ်သားတည်း ဝင်ဆံ့အောင် ရောနှောနေထိုင်ခြင်းများပြုလုပ်ရာနှင့်၊ ကလေးစစ်သားများစုဆောင်း ခြင်းကို ကာကွယ်သည့်လုပ်ဆောင်မှုများတွင် လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော် များကို နည်းပညာပိုင်းဆိုင်ရာနှင့် ပစ္စည်းကိရိယာပိုင်းဆိုင်ရာတွင် ပံ့ပိုးကူညီပါ။ ထိုသို့ကူညီမှုတွင်၊ ဒုက္ခသည်စခန်းများ၊ လက်နက်ကိုင်အဖွဲ့များ၏ နေရာများ၊ နအဖအစိုးရ၏ နေရာများတွင်ရှိသော "အမြန်စာသင်ကျောင်းများ" အတွက် ကိုပါ ကူညီရမည်။
- မည်သည့်စစ်တပ်မှ ကလေးတပ်ပြေးများကိုမဆို ကာကွယ်စောင့်ရှောက်နေ သည့်လူမှုအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့များကို နည်းပညာပိုင်းဆိုင် ရာနှင့် ပစ္စည်းကိရိယာပိုင်းဆိုင်ရာတွင်ပံ့ပိုးကူညီပါ။ ကူညီမှုများသည် နအဖ အစိုးရနှင့် ငြိမ်းချမ်းမှုရှိသောအဖွဲ့များကိုသာ ဘက်လိုက်၍ကူညီခြင်းများ မဖြစ်စေရ။ ထိုသို့လုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားဘက်မလိုက် မှုကို ချိုးဖောက်ရာရောက်သောကြောင့် နအဖကို လက်နက်ဖျက်သိမ်းရေး၊ စစ်တပ်မှ ထွက်ခွာလာစေခြင်းများ၊ လူမှုရေးနယ်ပယ်သို့ ဝင်ဆန့်နိုင်အောင် လုပ်ဆောင်ခြင်းများအတွက် ကူညီမှုများသည် ဤစံချိန်များကိုလိုက်နာရမည့် လက်နက်ကိုင်အဖွဲ့များအတွက်ပါ အချိုးကျစွာ ကူညီမှုများဖြစ်ရမည်။
- အထက်မှာဖော်ပြထားသလို၊ နအဖအစိုးရအား မွေးသက္ကရာဇ်စာရင်းများပြုလုပ် ရာတွင်အကူအညီပေးသကဲ့သို့ လက်နက်ကိုင်အဖွဲ့များကို အလားတူ အကူ အညီများ ပေးရမည်။

ကလေးများနှင့် စစ်ပွဲများအတွက် အထွေထွေအတွင်းရေးမှူး၏
အထူးကိုယ်စားလှယ်သို့

- နအဖအစိုးရ၊ လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ရိုက်ဆက်သွယ်နေမှုကို ဆက်လက်လုပ်ဆောင်သွားပြီး၊ တာဝန်ဂတိများကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ သေချာစွာစောင့်ကြတ်စစ်ဆေးမှုများကို ပြုလုပ်ရမည်။
- စောင့်ကြတ်စစ်ဆေးမှုများနှင့် အကြံဉာဏ်များကိုပေးနိုင်သည့် ပြည်တွင်း ပြည်ပတွင်ရှိသော လူမှုရေးအဖွဲ့များနှင့်လက်တွဲလုပ်ဆောင်ပါ။
- အပြည်ပြည်ဆိုင်ရာစံအလေးချိန် အတိုင်းအတာများကို လိုက်နာမှုရှိမရှိနှင့် ပတ်သက်ပြီး သိရှိနိုင်ရန် အထွေထွေအတွင်းရေးမှူး၏ကလေးစစ်သား အသုံးနေသည်ဆိုသည့်စာရင်းတွင်ပါဝင်သောလက်နက်ကိုင်အဖွဲ့များနှင့် တရားဝင် (သို့) အလွတ်သဘော တွေ့ဆုံဆက်သွယ်ခြင်းများကို ပြုလုပ်ပါ။
- ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ကလေးများနှင့်စစ်ပွဲများကို တင်ပြမည့်နောက်ထပ်အစီရင်ခံစာတွင် ကရင်နီစစ်တပ်ကို ကလေးစစ်သား အသုံးပြုသည့်စာရင်းမှ ဖယ်ရှားပစ်ရန်နှင့် ကလေးစစ်သားအသုံးပြု သည်ဆိုသည့် ခိုင်လုံသောသက်သေအထောက်အထားများရှိနေသည့်၊ ကလေးစစ်သားများကို ညှင်းပန်းနှိပ်စက်သူများဖြစ်သည့် ဒီမိုကရက်သစ်ကရင်ဗုဒ္ဓစစ်တပ်နှင့် ကရင်နီအမျိုးသားများလူထုလွှတ် မြောက်ရေးတပ်တို့ကိုတော့ စာရင်းတွင်နောက်ထပ်ထည့်ထားရန် အကြံပြုသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့

- ကလေးများနှင့် စစ်ပွဲများအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်နံပတ် ၁၃၇၉၊ စာပိုဒ် ၉ (နိုဝင်ဘာ ၂၀၊ ၂၀၀၁) အရ၊ စစ်ပွဲ များတွင် မိမိတို့အဖွဲ့များက နိုင်ငံတကာဥပဒေကို လေးစားလိုက်နာမှု ရှိမရှိ ကိုသိရှိနိုင်ရန် တရားဥပဒေဆိုင်ရာ၊ နိုင်ငံရေး၊ သံတမန်ရေး၊ ငွေရေးကြေးရေး နှင့်အခြားအရေးကြီးသောတိုင်းတာမှုများကိုသုံးပါ။ အထူးအဖြင့်၊ နအဖအစိုးရ ၏ကလေးစစ်သားစုဆောင်းခြင်းနှင့်အသုံးပြုနေခြင်းကို ကဲ့ရဲ့ရှုံ့ချပြီး၊ ကလေး များအားစစ်တပ်မှ ပြန်မလွှတ်မပေးမချင်း၊ ကလေးစစ်သားစုဆောင်းနေမှုကို မရပ်မချင်း၊ မည်သည့်ငွေရေးကြေးရေး၊ နိုင်ငံရေးနှင့် စစ်ပိုင်းဆိုင်ရာ ကူညီ ထောက်ပံ့ခြင်းကိုမျှ မပေးပဲနေရမည်။

- ကလေးတပ်ပြေးများအား ကာကွယ်စောင့်ရှောက်ရန်နှင့်၊ ၄င်းတို့အား မြန်မာပြည်သို့နှင်ပို့ခြင်းများမပြုလုပ်ရန်နှင့်၊ လူမှုရေးအဖွဲ့အစည်း များက ထိုကလေးများကို ကာကွယ်စောင့်ရှောက်ရန်လုပ်ဆောင်နေမှုများကို ခွင့်ပြုရန်၊ မြန်မာပြည်အိမ်နီးချင်းများကိုဖိအားပေးရန် သံတမန်ရေးနှင့် အခြားသင့်လျော် သောလုပ်ဆောင်မှုများကိုသုံးပါ။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့သို့

- ကလေးများနှင့် စစ်ပွဲများအတွက် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် နံပတ် ၁၃၇၉၊ စာပိုဒ် ၉ (နိုဝင်ဘာ ၂၀၊ ၂၀၀၁) အရ၊ ကလေး စစ်သားစုဆောင်းမှုနှင့် အသုံးပြု နေခြင်းများ ရပ်ဆိုင်းရန် နအဖအစိုးရ၏ တာဝန်ပျက်ကွက်နေမှုများကုထောက်ပြ ရန် သေချာသော တိုင်းတာမှုများကို သုံးပါ။ ငွေရေးကြေးရေးစီးဆင်းမှုများကို တားဆီးခြင်း၊ စစ်ပိုင်းရာကူညီမှုကို ပိတ်ပင်ခြင်း၊ စစ်လက်နက်ငယ်များထောင်ပံ့မှုကိုပိတ်ပင်ခြင်း၊ နိုင်ငံခေါင်း ဆောင်များခရီးသွားမှုကို ပိတ်ပင်ခြင်းများ ပါဝင်သည့် အထွေထွေအတွင်း ရေးမှူးက အကြံပြုထားသည့်တိုင်းတာမှုများကိုစဉ်းစား ပေးပါ။

အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်သို့

- ရန်ကုန်ရုံးမှ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားများအဖွဲ့ချုပ်၏ အတင်း အဓမ္မလုပ်အားပေးစေခိုင်းမှုများအစီရင်ခံစာများအတွက် အသုံးပြုသည့် နည်းလမ်းများမှ ကလေးစစ်သားစုဆောင်းမှုကိုတင်ပြသည့်အမှုများကိုလည်း ဆက်လက်လက်ခံ၍ ကူညီသွားရန်။

မြန်မာနိုင်ငံလူ့အခွင့်အရေးများ အခြေအနေအတွက် စေလွှတ်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထူးသံတမန်သို့

- နအစစ်တပ်များနှင့် အခြားလက်နက်ကိုင်အဖွဲ့များ၏ ကလေးစစ်သားစုဆောင်း ခြင်းနှင့် အသုံးပြုနေမှုများကို ဆက်လက်သုတေသနပြုရန်နှင့်အစီရင်ခံသွားရန်။ လူ့အခွင့်အရေးကောင်စီနှင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံသို့ သတင်း များတင်ပြရာတိုင်း၊ သက်ဆိုင်မှုရှိသောရှာဖွေတွေ့ရှိချက်များကို တင်ပြသွားရန်။